# ဆိတ်ကွယ်ရာမရှိတဲ့ ခေတ်သစ်ကမ္ဘာကြီး

သတင်းရင်းမြစ် >
ကြာသပတေးနေ့၊ စက်တင်ဘာလ ၁၉ ရက် ၂၀၁၃ ခုနှစ် ၀၈ နာရီ ၅၈ မိနစ်

ဒီကနေ့ ကမ္ဘာကြီးပေါ်မှာအမှောင်ခေတ်လို့ တင်စားပြောဆိုခြင်းခံရတဲ့ အာဏာရှင်စနစ်ထွန်းကားခဲ့ရာ တိုင်းပြည်
တွေဟာ တစ်နိုင်ငံပြီးတစ်နိုင်ငံ အာဏာရှင်စနစ်လက်အောက်က ရုန်းထွက်နိုင်ခဲ့ကြတာ အားလုံးအသိဖြစ်ပါတယ်။ အထူးသဖြင့် အရှေ့ဥရောပနိုင်ငံများဖြစ်ကြတဲ့ ချက်သမ္မတနိုင်ငံ၊ ဆလိုဗက်ကီးယားနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံများက အစ အာရှတိုက်ကျွန်းဆွယ်နိုင်ငံများဖြစ်တဲ့ ဖိလစ်ပိုင်နဲ့ တောင်ကိုရီးယားလို နိုင်ငံများဟာ အာဏာရှင်စနစ် လက်အောက်က အောင်မြင်စွာရုန်းထွက်နိုင်ခဲ့ကြတဲ့ နိုင်ငံတွေပါပဲ။

အာဏာရှင်စနစ် ဖယ်ရှားခံရပြီဆိုပေမယ့်လည်း အာဏာရှင်ဟောင်းတွေဟာ စနစ်သစ်သို့မဟုတ် ဒီမိုကရေစီ စနစ်အတွင်းမှာ သူတို့အာဏာရှိစဉ်တုန်းက ရယူသိမ်းဆည်းထားတဲ့ အကျိုးစီးပွားတွေ လက်မလွှတ်ရလေအောင် နည်းမျိုးစုံနဲ့ ကျားကန်ထားလေ့ ရှိတာကိုလည်းတွေ့ကြရပါတယ်။ ဒါပေမဲ့ ထင်ထင်ပေါ်ပေါ်တော့ မဟုတ်ပါဘူး။ ဘယ်လောက်ပဲ ဖုံးကွယ်ပြီးထားသည်ဖြစ်ပါစေသည်လို ဖုံးကွယ်ပြီး ကုတ်တွယ်ထားတဲ့ အကျိုးစီးပွားတွေကို သူ့သက်ဆိုင်ရာပြည်သူတွေက ကိုယ်တိုင်ဖော်ထုတ်သိရှိသွားကြတာ ရှိသလို ကမ္ဘာကြီးပေါ်က ဒီမိုကရေစီ ဘက်တော်သားအဖွဲ့အစည်းတွေ၊ စောင့်ကြည့်လေ့လာသူတွေရဲ့ ကျေးဇူးကြောင့် အဲဒီဖုံးကွယ်ထားတဲ့ အာဏာရှင်
ဟောင်းတွေရဲ့ များပြားလှတဲ့အကျိုးစီးပွားတွေကို လူတိုင်းသိရှိ လာခဲ့ကြရတာမျိုးလည်း ရှိပါတယ်။

အခုလည်း ကမ္ဘာ့ဘဏ်တွင် မြန်မာနိုင်ငံမှလျှို့ဝှက်ဘဏ်အကောင့်ငါးခု ဖွင့်ထားသည်မှာ စုဆောင်းငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံအထိ ရှိနေသည်ဟူ သောသတင်းထွက်ပေါ်လာခဲ့သည်။ ထိုသတင်းကြောင့် မိမိတို့ပြည်သူများ တအံ့တသြဖြစ်ကာ စိတ်မကောင်းလည်း ဖြစ်ကြရသည်။ သက်ဆိုင်ရာ လက်ရှိအစိုးရကမူ အစိုးရအနေနှင့် အခုလိုဘဏ်အကောင့်ဖွင့်ထားခြင်းမရှိကြောင်း ချက်ချင်း ဆိုသလို ရှင်းလင်းချက်ထုတ်ပြန်ရပြီး ကမ္ဘာ့ဘဏ်ကမူ ထိုသတင်းကိုထုတ်ပြန်သူမှာ ကမ္ဘာ့ဘဏ်ကတာဝန်ရှိသူ မဟုတ်ပါဟူသည့် ရှင်းလင်းချက်ကို ထုတ်ပြန်ခဲ့သည်။ သို့သော် ယင်းနှစ်နေရာစလုံးကမူ ကမ္ဘာ့ဘဏ်တွင် (နိုင်ငံခြားတွင်) အကောင့်ငါးခုဖွင့် ထားခြင်း ရှိမရှိနှင့် ရှိလျှင်လည်း မည်သူမည်ဝါတွေ၏ ငွေစာရင်းများဖြစ်သည်ကို ရှင်းလင်းထုတ်ပြန်ခြင်းတော့မရှိခဲ့ကြပါ။ ထို့ကြောင့် မိမိတို့ပြည်သူများမှာသံသယဖြင့် စောင့် ကြည့်ခြင်းနှင့် စိတ်ရှုပ်ထွေးဖွယ်လည်း ဖြစ်ကြရ၏။

သည်လိုအဖြစ်အပျက်မျိုးက မိမိတို့အာရှတိုက်ကျွန်းဆွယ်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင်လည်း ဖြစ်ပွား ခဲ့ဖူးသည်။ ထိုစဉ်ကလူထုအင်အားဖြင့် ဖြုတ်ချခံရသည့် အာဏာရှင်ဟောင်း ဖာဒီနန်မားကို့စ်သည် ကိုယ်ပိုင်ငွေများ အဖြစ် နိုင်ငံခြားဘဏ်များတွင် စုဆောင်းသိမ်းဆည်းထားခဲ့သည်ကို ဖိလစ်ပိုင်ပြည်သူတို့ သိရှိသွားကြပြီး တိုင်းပြည် ဘဏ္ဍာငွေများအဖြစ် သိမ်းဆည်းယူခဲ့ရသည်အထိ ကြုံခဲ့ဖူးကြ၏။

ယခုအခါ မိမိတို့တိုင်းပြည်တွင်မက ကမ္ဘာကြီး၏အနေအထားမှာ မည်သို့သောမတရားသည့် လျှို့ဝှက်လုပ်ငန်း မဆိုတာရှည်သဖြင့် ဖုံးကွယ်ထားလို့မရနိုင်သည့်ခေတ်ကို ရောက်ရှိနေပြီ ဖြစ်သည်။ ကမ္ဘာကြီးသည် တံခါးပိတ်ပြီး အသံတိတ်နေသည့် မကောင်းမှုဟူသမျှ၏ အကာအရံဟူသမျှကို အောင်မြင်အောင် ဆွဲခွာချလို့ ရနိုင်သော
ခေတ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ထို့ကြောင့် အခုတလော မိမိတို့တိုင်းပြည်နှင့်ပတ်သက်သော ကမ္ဘာကရော မိမိပြည်သူတို့ကပါ စိတ်ဝင်တစား စောင့်ကြည့်စစ်ဆေးနေကြသည့် ယင်းလျှို့ဝှက်ဘဏ်အကောင့် ငါးခုပြဿနာသည်လည်း မကြာခင် အဖြူအမည်း ကွဲပြားလာမည်သာ ဖြစ်ကြောင်း ယူဆရပေသည်။ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပြည်ပတွင် ဖွင့်လှစ်ထားသည် ဆိုသည့် ဘဏ်အကောင့် ငါးခုဆိုသည်သာမက၊ ယခင်အစိုးရ လက်ထက်က ဖွင့်ထားသည့် နိုင်ငံပိုင်ဘဏ် အကောင့်များ အားလုံးကိစ္စကို စုံစမ်းဖော်ထုတ်ပြီး နိုင်ငံနှင့် ပြည်သူအတွက် အသုံးပြုသင့်သည်ဟု မဇ္ဈိမက မှတ်ယူသည်။ Post by Burma News from Mizzima .